
SAMPLE BOOK

BOOKCASE BY SAW

# ချင်းတွင်းကိုဆန်သွား


မိုးဆက်လင်းထက်



mgyoe.com SAMPLE BOOK

# ချင်းတွင်းကိုဆန်၍

မိုးဆက်လင်းထက်



9 250011 527978

Paing by Aung Maung(Chindwin Ye Kyi)
Cover Design : Myo Swe Than 20

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း
ထုတ်ဝေသည့် ခုနှစ်၊ လ – ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)

မျက်နှာဖုံးပန်းချီ – မျိုးဆွေသန်း
စာစစ် – အောင်သီဟ
ကွန်ပျူတာစာစီနှင့်
မျက်နှာ ဖွဲ့စည်းမှုဒီဇိုင်း – ကောင်းမြတ်

ထုတ်ဝေသူ
ဒေါ်အိအိချို (၀၂၈၂၈)၊ မြဝတ်ချို စာပေ၊ အမှတ် (၂၀)၊ ဗိုလ်ချုပ်လမ်း
ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၀၀ ၁၁၅၂၁

ပုံနှိပ်သူ
ဦးကျော်ကျော် (မြ ၀၁၃၅၈)
အောင်သုတပုံနှိပ်တိုက်၊ အမှတ် (၉၂/အေ)၊ စက်မှုဇုန် ၃ လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ – ၅၀၀
တန်ဖိုး – ၈၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ချင်းတွင်းကိုဆန်ကြ

မိုးဆက်လင်းထက်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အမှာစာ

ဤဝတ္ထုလေးက ၂၀၀၃–၂၀၀၄ ခုနှစ် ပတ်ဝန်းကျင် အချိန်ကာလများ၌ ရှိသော ပုံတောင်ပုံညာဒေသကို အခြေခံထား၍ ဇာတ်လမ်းသဘောရော မှတ်တမ်းသဘောပါ ရေးဖွဲ့ထားသော ဝတ္ထုရှည်တစ်ပုဒ် ဖြစ်ပါသည်။

ကိုယ်မရောက်ဖူးဘူးသေးသည့် ဒေသတွေ ဖြစ်နေလျှင်လည်း ကျွန်တော် ရောက်ခဲ့ဖူးသည့်အတိုင်း ဒေသန္တရ ဗဟုသုတများကအစ သိရှိသွားရန် ရည်ရွယ်ပါသည်။

တကယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို အခြေခံ ရေးဖွဲ့ထားပြီး ရောက်ရှိခဲ့ရသော အချိန်ကာလနှင့် ယခုအချိန်ကာလများမှာ ရေမြေ သဘာဝအရရော ဒေသပြောင်းလဲမှုများပါ များစွာ ကွဲလွဲမှုရှိနိုင်၍ လမ်းပန်းဆက်သွယ်ရေးကအစ များစွာ ကွဲလွဲနိုင်ပါကြောင်း ဦးစွာ ပြောကြားလိုပါသည်။

ထို့အပြင် မှတ်တမ်းမှတ်ရာများအရလည်း တချို့အခေါ်အဝေါ်များကို တတ်နိုင်သလောက်၊ မှတ်မိသလောက် အစွမ်းကုန် ကြိုးစားရေးဖွဲ့ထား

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

သော်လည်း ကွဲလွဲမှုများရှိခဲ့လျှင် ကျွန်တော်၏ လိုအပ်မှုသာ ဖြစ်ခဲ့၍ ခွင့်လွှတ်ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်ခင်ဗျာ ...။

မိုးဆက်လင်းထက်

❑

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း (၁)

ကျွန်တော် အင်ဂျင်နီယာကျောင်း ဆင်းခါစ ထုံးစံအတိုင်း ဘာအလုပ်မှ မည်မည်ရရ မရှိသေးဘဲ လတ်လျားလတ်လျား ရှိနေစဉ် ဖခင်ဖြစ်သူက သူ တာဝန်ယူတည်ဆောက်ရမည့် တံတားတစ်စင်းရှိရာ ချင်းတွင်းမြစ်အထက်ပိုင်း ပုံတောင်ပုံညာဒေသသို့ လွှတ်လိုက်သည်။

အဲဒီမှာ ဇာတ်လမ်းက စပါတော့သည်။ ထိုဒေသသည် ရာသီဥတုကြမ်းသည်။ ငှက်ဖျားပေါသည်။ တချို့ ကျွန်တော်တို့လို အဝေးမှလာသူများ ဒေသနှင့် မယဉ်ပါးတာရော၊ ဒဏ်မခံနိုင်တာရော ငှက်ဖျားပိုး ဦးနှောက်ထဲရောက်၍ ရက်ပိုင်းအတွင်း သေကြသည်ဟု ဆို၏။

လမ်းပန်းဆက်သွယ်ရေး ခက်သည်။ ချင်းတွင်းမြစ်နှင့်အပြိုင် တန်းနေသော ရွှေသမင်တောင်တန်းကြီးကို မြစ်၏ အနောက်ဘက်ကမ်းနဖူးမြင်းကွင်းမြို့မှ ထောင်လိုက်ဖြတ်ကျော်၍ ခြေလျင်ခရီးဖြင့် တောထဲကစခန်းများတွင် တစ်ခါတစ်ရံ ညအိပ်၍ သွားရသည်ဆို၏။

ဒါမှမဟုတ် ချင်းတွင်းမြစ်ကို ဆန်တက်၍ ဒေသအခေါ် ရှော်တယ်



mgyoe.com

mgyoe.com SAMPLE BOOK

(အမြန်ရေယာဉ်) စီးကာ သွားရသည်။ ထိုသို့သွားလျှင်လည်း တိုက်ရိုက်ရောက်သည်မဟုတ်။ လမ်းက စခန်းတစ်ခုမှာ ညအိပ်ပြီး စက်လှေတစ်စီးပြောင်းစီး၍ ချောင်းတစ်ခုအတိုင်း ဆန်တက်သွားရပါသေးသည်။

ကြားရသည်ကတော့ အစကတည်းက ယဉ်သကို။ သို့သော် ဘယ်အရာကိုမှ အမှုမထား ကြောက်စိတ်မရှိတတ်သော ကျွန်တော်က သွားဖို့အထုပ်တောင် ပြင်ပြီးနေပါပြီ။ သို့သော် ကျွန်တော် ရေမကူးတတ်ပါ။ ရေမကူးတတ်သော ကျွန်တော့်အတွက်ကတော့ တစ်ခါမှ မမြင်ဖူးဘူးသေးသည့် ချင်းတွင်းမြစ်ကြီးက ရင်ခုန်လွန်းရပါသည်။ လူက ပျော်လည်းပျော်သည်။ ရင်လည်းခုန်သည်ပေါ့ဗျာ။

ခရီးမထွက်ခင် မိသားစုလိုဖြစ်နေသည့် ဆရာဝန်ထံ သွား၍ ငှက်ဖျားကာကွယ်ဆေးတွေရော ကျန်သည့် ဆေးဝါးအစုံအပြင် ကျန်းမာရေးစစ်ဆေးမှုတချို့ လုပ်၍ အားလုံး အဆင်ပြေသွားပြီးနောက် ကျွန်တော့်အတွက်ခရီးထွက်ရန် အဆင်သင့်ဖြစ်နေပြီ။

ကျွန်တော် စသွားရသည့် မြို့က မုံရွာပါ။ မုံရွာက ချင်းတွင်းမြစ်အရှေ့ဘက် ကမ်းနဖူးကို မေးတင်ထားသည့်မြို့ ဖြစ်နေသဖြင့် မုံရွာကိုအရင်ခြေချရ၏။ ထိုမြို့က လမ်းသုတေသနစခန်းမှာ တစ်ညအိပ်၍ နောက်တစ်ရက် ချင်းတွင်းကို ဆန်တက်ရပါမည်။

ကျွန်တော် ထိုနေ့ညက တလူးလူး တလိမ့်လိမ့်နှင့် တစ်ညလုံးအိပ်မပျော်။ နောက်ကြုံလာရမည့် အကြောင်းများကို တွေးရင်း အိပ်မပျော်နိုင်တာလည်း ပါသလို ကျွန်တော် အခုလာသောခရီးက ပုံမှန်ခရီးသွားတို့သွားနေလာနေကျ နေရာဒေသ မြို့များမဟုတ်။ တောတောင်များကို အထပ်ထပ် ဖြတ်ပြီး ရေတစ်တန်၊ ကုန်းတစ်တန် ဖြတ်သန်းသွားရမည်ဆိုသည်ကိုတော့ သိထား၍ ရင်ခုန်နေမိတာလည်း ပါသည်။ ချင်းတွင်းမြစ်ကြီးကိုအလျားလိုက် ဆန်တက်၍ သွားရမှာကိုလည်း ရင်ခုန်နေမိသည်။ နောက်ဆုံးတော့ အတွေးပေါင်းစုံနှင့် မနက်မိုးလင်းခါနီးမှ အိပ်ပျော်သွားပါတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

(ယခုတော့ ထိုဒေသမှာ ယာကြီး – ကလေးဝလမ်းကြီး ပေါက်သွား၍ အရာအားလုံး ပြောင်းလဲနေပါပြီ။ ကျွန်တော်သွားရမည့် နေရာကလည်း ထိုလမ်းမကြီးပေါ်က တံတားတစ်စင်း တည်ဆောက်ရေးခွင်သို့ ဖြစ်သည်။ ထိုအခါတုန်းက ထိုလမ်းမကြီးမှာ တစ်ကြောင်းထိုး လမ်းဦးကြောင်းစထိုးခါစနှင့် Survey လိုက်ရုံအဆင့်သာ ရှိသေးသည်။ သစ်ထုတ်လုပ်ရေးကားကြီးများ၊ ပစ္စည်းသယ်ယူရသော RTC ကားပြာကြီးများသာ သွားလို့ရပြီး UN မှ ဒေသလေ့လာရေးနှင့် ပရိုင်းမိတ် သုတေသနအဖွဲ့များ၊ ငှက်ကြည့်လေ့လာရေး အဖွဲ့များ၏ 4 wheel ကားများကိုတော့ ရံဖန်ရံခါ တွေ့ရတတ်ပါသည်။)


❑


mgyoe.com


mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK




ချင်းတွင်းမြစ်အလှ
(ဓာတ်ပုံ – အွန်လိုင်း)
(မူရင်းဓာတ်ပုံပိုင်ရှင်အား *Credit* ပေးပါသည်။)



mgyoe.com

mgyoe.com SAMPLE BOOK



ချင်းတွင်းကမ်းပါးအလှ (ဓာတ်ပုံ – အွန်လိုင်း)

mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း (၂)

မနက် အိပ်ရာနိုးပြီ။ နိုးတာမှ သူများလာနှိုးပေး၍ အိပ်မှုန်စုံမွှားနှင့် နိုးထလာရခြင်း ဖြစ်၏။ ညကလည်း ညဉ့်သုံးယံကို နောက်ဆုံးအယံမှာ အိပ်သွားခဲ့၍ နိုးထလာတော့ ခေါင်းက သိပ်မကြည်လင်။ သို့သော်လည်း သွားရမည့် ခရီးတွေက မိုင်အရှည်ကြီး ကျန်နေသေး၍ အိပ်ရာမှ မြန်မြန်ထကာ မျက်နှာသစ်ရ၏။ ထို့နောက် လူက လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။ ပတ်ဝန်းကျင်မှာ မိုးမှုန်လိုလို မြူလိုလိုတွေ မှိုင်းနေတာ တွေ့ရသည်။

ကျွန်တော် ချင်းတွင်းမြစ်ကို ဆန်တက်ရမည့် ရှော်တယ် (အမြန်ရေယာဉ်) က ငါးနာရီခွဲ ထွက်မည်ဆို၍ ရုံးစခန်းမှ စီစဉ်ပေးသော မနက်စာ ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်ကို မြန်မြန်စားကာ လက်ဖက်ရည် တစ်ခွက် သောက်ပြီး မြစ်ဆိပ်သို့ ဆင်းလာခဲ့ရပါတော့သည်။

မြစ်ဆိပ်မှာ လူအများကြီး တွေ့ရပြီး တချို့က သူတို့ပါလာသည့် ကုန်စည်စလယ်များကို မြင်းလှည်းပေါ်က ချသူချ၊ ကားပေါ်က ချသူချနှင့် အလုပ်ရှုပ်နေကြ၏။ ကျွန်တော်က ရှော်တယ်ဆိုသောအရာကို နာမည်သာ

mgyoe.com

mgyoe.com
SAMPLE BOOK

ကြားဖူးထားပြီး မမြင်ဖူးဘူး၍ အသည်းအသန် လိုက်ရှာနေမိပါသည်။ နောက်ဆုံး ကျွန်တော့်ကို လိုက်ပို့သောအစ်ကိုကို မေးရတော့သည်။

"အစ်ကို ... ရှော်တယ်က ဘယ်ဟာလဲဗျ" ဆိုတော့ သူက ပြုံးကြည့်ပြီး ...

"ခင်ဗျား မမြင်ဖူးဘူးလား" ဟု ဆိုကာ မြစ်ဆိပ်ကို လက်ညှိုးထိုးပြသည်။ သူပြသောနေရာကို ကြည့်တော့မှ ...

"လား ... လား ... ရှော်တယ်ဆိုတာ စက်လှေကြီးပါပဲလား"

ကျွန်တော် ရောက်ကတည်းက အဲဒီစက်လှေကြီးတွေ လေးငါးစီး ဆိုက်ထားတာ တွေ့ရပေမဲ့ ရှော်တယ်မှန်း မသိခဲ့။ ကျွန်တော် ထင်ထားတာက သင်္ဘောလိုလို ဘာလိုလိုပေါ့။ အခုတော့ စက်လှေကြီးတစ်ခုပါပဲ။ သိပ်တော့ မထူးဆန်းလှ။ လှေက အရှည် ပေ ၇၀ မှ ၁၀၀ အကြားလောက်ရှိမည်ထင်ပါသည်။ အတိအကျတော့ တိုင်းမကြည့်၍ မသိပါ။

"ကဲ ... လာလာ ညီလေး။ မင်းစီးရမဲ့ဟာ တက်လို့ရပြီ" ဆို၍ ကျွန်တော် ပါလာသည့် ကျောပိုးအိတ်တစ်လုံး၊ ခရီးဆောင်အိတ်တစ်လုံးကို ယူပြီး ကမ်းထိုးကုန်းဘောင်ပြားလေးပေါ် လျှောက်ရင်း ရှေ့ဆုံးခန်းက VIP Room ဘက်ကို သွားရပါသည်။

(ဒီနေရာမှာ နည်းနည်း ရှင်းပြစရာရှိသည်။ VIP Room ဆိုသည်မှာ စက်မောင်း စလင်းခန်း၏ အနောက်ဘက်က အခန်းလေးပါ။ ပြောရလျှင် အနောက်ဘက် ကိုယ်ထည်နှင့် စက်မောင်းသူ အခန်းကြားက အခန်းလေးသာ ဖြစ်ပါသည်။ ထိုအခန်းလေးက စက်မောင်းခန်းနှင့် တွဲလျက်ဖြစ်၍ ဒရိုင်ဘာခန်းကိုလည်း မြင်နေရသည်။ ကျွန်တော့်အနောက်ဘက်တွင် ရှော်တယ်၏ မိခင်ကိုယ်ထည်ကြီး ရှိ၏။ ခရီးသည်များအတွက် ထိုင်ခုံများ ရှိသည်။ စုစုပေါင်း လူ ၇၀ – ၁၀၀ လောက်များ ဆံ့မလားတော့ မသိပေ။)

အခုအထိ ရှော်တယ်မောင်းသည့် အခန်းထဲတွင် လူတစ်ယောက်မှ မတွေ့ရသေး။ ကားရှေ့ခန်းနှင့် နောက်ခန်းလို ဖြစ်နေ၍ ကျွန်တော့်ထုံးစံ


mgyoe.com

mgyoe.com SAMPLE BOOK
အတိုင်း စတင် စပ်စုမိပါတော့သည်။

အမယ် … သူက ကားစတီယာတိုင်နှင့်။ ပြီးတော့ မော်တော်ကားလို ဂီယာနှင့်။ ရှေ့ကာမှန်မှာလည်း ကားရေသုပ်တံနှင့်။ ပြီးတော့ ဘုရားပုံတော်၊ ဘုရားပန်းအိုး သေးသေးလေးနှင့် မည်သည့်ကြိုးများမှန်းမသိသော အလှဆင် ကြိုးများကလည်း တွဲလို့တွဲလောင်းနှင့် ကျနေသေးပြန်သည်။ ပန်းပွားလုံးလေးများလည်း ပါနေပြန်သည်။ ခပ်ရှင်းရှင်းပြောရလျှင် ခရီးသည်တင်ကားတစ်စီး၏ ခေါင်းခန်းနှင့် သိပ်မခြားနားလှပါ။

ရှော်တယ်၏ ခေါင်းမိုးပေါ်သို့ ကုန်ပစ္စည်းများ တင်နေကြ၍ တစ်ချက်တစ်ချက် သိမ့်ခနဲ သိမ့်ခနဲ တုန်ကာနေသည်။ ကျွန်တော့်အခန်းထဲမှာတော့ အခုအထိ ကျွန်တော်တစ်ယောက်တည်း။ ဘယ်သူမှလည်း မလာသေးသလို ဘာပစ္စည်းမှလည်း မလာသေး။ အနောက်ဘက် ကိုယ်ထည်ကြီးမှာတော့ ခရီးသည်တို့ တက်နေကြသည်။ ကလေးငိုသံများ၊ ကမ်းပေါ်မှ အော်ဟစ်နှုတ်ဆက်သံများနှင့် မုံရွာနံနက်ခင်းသည် အရှေ့ဘက်ကောင်းကင်ဆီမှ တက်လာသော နေဝန်းနှင့်အတူ တဖြည်းဖြည်း နွေးထွေးကြည်လင်ကာ လာသည်။

တော်တော်လေးကြာတော့ လူတစ်ယောက် စက်မောင်းခန်းသို့ ဝင်ကာလာသည်။ သူ့နောက်မှာ အိုးစည်နှစ်လုံး မ,လာသော လူနှစ်ယောက်က ကျွန်တော့်ဘေးမှာ အိုးစည်တို့ကို ချ၏။ ပြီးတော့ ဆာလာအိတ်နှင့် ထုပ်ထားသော အထုပ်ကြီးနှစ်ထုပ်၊ ကျောက်ဘုရားဆင်းတုတော်တစ်ဆူ အသီးသီး အခန်းထဲသို့ လာထားပါတော့သည်။ ခရီးသည်ဆိုလို့ ယခုအထိ ကျွန်တော်တစ်ယောက်တည်းရယ်။

"အစ်ကို … ဘယ်အချိန် စထွက်မလဲဟင်"

ကျွန်တော့်အမေးကို စက်မောင်းထိုင်ခုံပေါ် ထိုင်နေသော ဆရာက လှည့်ပြန်ကြည့်၍ …

"တော်ကြာထွက်မယ်ဗျ အစ်ကို။ ထိုင်ရတာ အဆင်ပြေလား။ ဒီ

mgyoe.com

mgyoe.com
SAMPLE BOOK
ပစ္စည်းတွေက အနောက်မှာထားရင် ထိခိုက်မိမှာစိုးလို့ သူတို့ပိုင်ရှင်တွေက အနောက်မှာထိုင်ပြီး ပစ္စည်းတွေ ရှေ့ပို့ထားတာလေ။ မင်းကင်းမှာ ချပေးရမှာ”

“ရတယ် ... ပြေတယ်အစ်ကို။ ကျွန်တော်က အခုမှ ဒီဘက်ရောက်ဖူးတာ။ အဲဒါကြောင့် ထွက်မဲ့အချိန် မေးတာပါ”

ဆရာသမားက ခေါင်းညိတ်ပြရင်း အနောက်ဘက်ကို စုံပြီလားဟု လှမ်းအော်မေးပြီး စက်စနှိုးတော့သည်။ စက်နှိုးသံနှင့်အတူ ရှော်တယ်သည် တစ်ချက် ခါကာသွားပြီး ကျွန်တော့်ရင်ခုန်သံလည်း မြန်ကာလာသည်။ “ဒီခရီး ငါ တကယ်သွားရပါပြီလား” ဆိုသော အတွေးက ဝင်လာကာ အခန်းထွက်ပေါက်ဘက်သို့ ရွေ့လိုက်ပြီးနောက် စက်လှေ၏နောက်ဘက်သို့ ခေါင်းထွက်ကာ ကြည့်လိုက်တော့ လှေဝန်ထမ်းများက ရှော်တယ် ကိုယ်ထည်ကြီး တစ်ခုလုံးကို ကုန်းပတ်အထိရောက်အောင် တာလပတ်စများ းအုပ်ပစ်သည်ကို တွေ့လိုက်ရပါတော့သည်။ “ဘာလို့ အဲဒီလိုလုပ်ရသလဲ” ကျွန်တော် နားမလည်သော်လည်း ခပ်ဆိတ်ဆိတ်သာ နေမိသည်။

ကမ်းထိုးကုန်းဆောင် ဖြုတ်သူဖြုတ်၊ လှေချည်ကြိုး ဖြည်သူဖြည်နှင့် ခဏနေတော့ လူတစ်ယောက် စက်မောင်းခန်းထဲ ဝင်လာပြီး ခုံတစ်လုံးမှာ ထိုင်ကာ “ရပြီ” ဟုပြောသံ ကြားလိုက်ရလေသည်။ စက်သံတစ်ချက် မြင့်တက်သွားပြီး ရှော်တယ်သည် ကမ်းမှ စခွာလေပြီ။ ဖြေးဖြေးလေး ငြိမ့်ငြိမ့်လေးနှင့် ခွာနေခြင်းဖြစ်ပြီး မြစ်လယ်သို့ ရေစီးကို ခေါင်းဦးတစောင်းလေးခံပြီး သွားနေခြင်းဖြစ်သည်။ အလယ်ရောက်တော့ မြစ်ကို အလျားလိုက် ဦးတည်လိုက် ပြီးနောက် ဝူးခနဲ စက်ရှိန်မြှင့်လိုက်သံနှင့်အတူ ကျွန်တော့်ခန္ဓာကိုယ်သည် အနောက်က နံရံဆီသို့ ပြေးကပ်ကာ သွားပါတော့သည်။

ရှော်တယ်စက်သံသည် ပတ်ဝန်းကျင်တစ်ခုလုံး ထစ်ချုန်းကာ သွားတော့၏။ ရှော်တယ်၏ ချင်းတွင်းရေပြင်ကို ခွင်းတက်အားသည် ပြိုင်ကား

mgyoe.com

mgyoe.com SAMPLE BOOK
တစ်စီး မောင်းနှင်နေသလို ထင်ရလောက်အောင် မြန်ကာနေ၏။ ကျွန်တော့် ဘေး ထွက်ပေါက်ကကြည့်လိုက်တော့ စက်လှေအရှိန်ကြောင့် ဘေးသို့ လျှံတက်လာသော ရေပန်းများသည် စက်မောင်းခန်း၏ ကုန်းပတ်ထက်ပင် ကျော်ကာနေလေပြီ။ အနောက်ဘက် ခန္ဓာကိုယ်ကတော့ မောင်းနေသည့် အရှိန်ကြောင့် ချင်းတွင်းမြစ်ပြင်ကြီးထဲသို့ ခွဲ၍ နစ်မြုပ်နေသယောင်တောင် ထင်နေရပါသည်။ ထိုတော့မှ လှေမထွက်ခင်က တာလပတ်စများ ဘာကြောင့် အုပ်ထားရသည်ကို သဘောပေါက်မိသွားတော့သည်။

ကျွန်တော်လာတာ မိုးအကုန် ဆောင်းဦးပေါက်ကာလဖြစ်၍ မိုးမှုန်လေးများကျလာကာ ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် မိုးမှုန်မြူလွှာကမွလာက အုံ့ကာမှိုင်းကာ ရှိနေရစ်တော့၏။ ဘေးဝဲယာနှစ်ဖက်က ရှုခင်းများကိုကြည့်ရင်း လိုက်ပါလာကာ တစ်ခါတစ်ရံ မိုးခြိမ်းသံများအကြား ချင်းတွင်းမြစ်ပေါ် ပျံဝဲကာနေသည့် မြစ်ပျော်ငှက်တချို့ကို ငေးကြည့်နေမိသည်။

ချင်းတွင်းသည် လှပသည်။ သို့သော် ရေစီးတော့သန်သည်။ ကျွန်တော်တို့ အမြန်ရေယာဉ်သည် ချင်းတွင်းရင်ကိုခွဲ၍ စက်ကုန်ဖွင့် သွားနေရခြင်းကို ကြည့်ခြင်းဖြင့် ရေစီး မည်မျှသန်သည်ကို ခန့်မှန်းလို့ရ၏။ ခပ်ဝေးဝေး မိုးကောင်းကင်က တိမ်တောင်မှိုင်းမှိုင်းတချို့ကို ငေးရင်း "ဘယ်ဆီဘယ်ဝယ် မှန်းဆကာတွေးမိတယ် " ဆိုသည့် ရေဒီယိုခေတ်ဦးက သီချင်းလေးကို ရသလောက်ညည်းရင်း အတွေးနယ်ဖွဲ့ လွမ်းနယ်ချဲ့နေချိန်မှာပင် ရှေ့သို့ ခန္ဓာကိုယ်က ယိုင်သွား၍ အတွေးနယ်လည်း မဖွဲ့နိုင်တော့။ အလွမ်းနယ်လည်း မချဲ့နိုင်တော့ပေ။

စက်မောင်းခန်းသို့ ကဲကြည့်လိုက်တော့ ရှော်တယ်ကို အရှိန်သတ်ချလိုက်တာကို မြင်လိုက်ရလေ၏။ ဘာ့ကြောင့်မှန်းမသိပေမဲ့ လှေဆိပ်ကမ်းတစ်ခုခုကို ကပ်မည်လို့သာ တွေးထင်နေရင်းမှ စက်မောင်းဘေး ထိုင်နေသူက ရှေ့သို့ကြည့်၍ စက်မောင်းဆရာကို စကားတွေပြောနေတာ ကြားရ
mgyoe.com

mgyoe.com SAMPLE BOOK
သည်။ ဘာတွေပြောနေလဲဆိုတာတော့ စက်သံကြောင့် မကြားရပေမဲ့ တစ်ခုခုတော့ ထူးခြားပြီဆိုတာ ကျွန်တော် ရိပ်မိလိုက်ပြီ။ လှေက ကမ်းကပ်မည့်ပုံလည်း မပေါ်။ ရေလယ်ခေါင်မှာပင် စက်ရှိန်သတ်ကာ ဖြည်းဖြည်းချင်းသွားနေသည့်သဘော။ ကျွန်တော် မနေနိုင်တော့၍ သူတို့နှစ်ယောက်အနားအသာကပ်ကာ ...

"ဘာဖြစ်လို့လဲ အစ်ကို" ဟု မေးလိုက်တော့ ...

"ရွှေစာရေးရောက်ပြီဗျ"

ဖြေသူက စက်ဆရာ၏တပည့်။ သူပြောတာ နားသာထောင်လိုက်ရသည်။ ရွှေစာရေးကို ကျွန်တော်မသိ။

"အဲဒါဘာကြီးလဲအစ်ကို" ဆိုတော့ စက်ဆရာက သူ့တပည့်အား...

"သူက အခုမှရောက်ဖူးတာဟ။ ကိုယ့်ညီ ... ရွှေစာရေးဆိုတာ ဝဲဗျ ... ဝဲ"

"ဗျာ..."

ကျွန်တော် တုန်ခနဲဖြစ်သွားသည်။ ဘာမှမသိသောသူ ဖြစ်သော်လည်း ဝဲကိုတော့ ကျွန်တော် သိသည်။ ထိုခေတ်အခါက အခုလိုလည်း အင်တာနက်တွေ မထွန်းကား၍ ဘယ်ဒေသ၊ ဘယ်နေရာတွေမှာ ဘာတွေရှိမှန်းလဲ ကျွန်တော်တို့မသိ။ ချင်းတွင်းမြစ်ဆိုတာတောင် စာသင်လာရ၍ သိသော ကျွန်တော်သည် အခုတော့ ဝဲနှင့် ထိပ်တိုက်တိုးလေပြီ။

"အစ်ကို ... အဲဒီရွှေစာရေးက ရုပ်ရှင်တွေထဲကလို စက်ဝိုင်းပုံကြီးလည်နေတာလားဟင်" ဆိုတော့ စက်ဆရာက ...

"အစ်ကို ... ခဏလေး။ နောက်မှရှင်းပြမယ်။ ကျွန်တော်တို့ အခုဝဲဖြတ်တော့မလို့။ အခုက အထက်မှာ မိုးကောင်းထားတော့ ဝဲက ကြမ်းချင်နေပြီဗျ" တဲ့ ...။

"ဘုရား ... ဘုရား"

ကျွန်တော့်ရင်ထဲ ဒိန်းခနဲပါပဲ။ ရေကို ခွေးကူးတောင် နပ်မှန်အောင်
mgyoe.com

mgyoe.com SAMPLE BOOK

မကူးတတ်သော ကျွန်တော် ...။ သွားပြီထင်တယ်ဆိုပြီး ယောင်ကန်းကန်းနှင့် ဘေးက အိုးစည်ကြီးနှစ်လုံးအနား ပြေးကပ်လိုက်မိလေတော့သည်။ မတော်တဆများဖြစ်ခဲ့ရင် အိုးစည်ကြီးတွေကို ဖက်ထားရမှာပါပဲ။ မတတ်နိုင်ဘူး။ ဒီအိုးစည်ကြီးတွေက ငါ့ခန္ဓာကိုယ်ကိုတော့ ရေပေါ် ပေါ်နိုင်ပါတယ်ပေ့။ တကယ်တော့ ရေပေါ်ပေါ်ဖို့ နေနေသာသာ တကယ်တမ်း မြုပ်ပြီဟော့ဆို အိုးစည်ဖက်ပြီး သေရမည့်ဘဝပါ။ ရေကူးကျွမ်းသူများပင် ဒီမြစ်ကြီးထဲ အက်စီးဒန့်ဖြစ်ပြီး အသက်ပေးသွားရသူပေါင်း မနည်းလှပါ။ ထိုစဉ်က ဘာမှမသိသော ရန်ကုန်သားကျွန်တော့်မှာ အရူးအတွေးတို့သာ ဖြစ်နေတာပါ။

စက်လှေက ပူးခနဲ ပူးခနဲနှင့် မြန်မာပြည်၏ နာမည်အကြီးဆုံး၊ အထင်ရှားဆုံး၊ အကြမ်းဆုံးများထဲမှာ ပါသည့် ရွှေစာရေးဝဲကြီးကို စတင်ဖြတ်နေလေပြီ။ စက်လှေက စက်ကုန်တင်မောင်းလိုက်၊ ဝေါခနဲ ထိုးရပ်ပစ်လိုက်နှင့် ဝဲကြီးကို ဖြတ်နေလေရာ ကျွန်တော့်မှာ ရသမျှဘုရားစာများ ရွတ်ရင်း ဆွေတွေမျိုးတွေပါ မေ့ကုန်ပြီ။ အရေးထဲ သမ္ဗုဒ္ဓေဂါထာက ခါးလယ်လောက်မှာ မေ့နေ၍ အစက ပြန်ရွတ်နေရတာ အကြိမ်ကြိမ်။

(ဤနေရာတွင် ရွှေစာရေးဝဲအကြောင်းနှင့် အမြန်ရေယာဉ်များ ဝဲကို ကျွမ်းကျင်စွာဖြတ်ပုံကို ကျွန်တော် သိသလောက်၊ တတ်သလောက် ပြောပြချင်ပါသည်။)

နာမည်ကျော် ရွှေစာရေးဝဲသည် မုံရွာအထက် ရွှေစာရေးရွာအနားရှိ ချင်းတွင်းမြစ်ကျဉ်းနေရာတွင် ရှိသည်။ ချင်းတွင်းမြစ်သည် အထက် ဟုမ္မလင်းဘက်မှ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ကျော်၍ အရှိန်နှင့် စီးဆင်းလာရင်းမှ ဤရွှေစာရေးရွာအရောက် ချင်းတွင်းမြစ်ကျဉ်းနေရာတွင် တံထောက်ဆစ်ချိုးပုံစံလို ရုတ်တရက် ပြောင်းလဲသွားသော ပထဝီအနေအထားအရ စီးဆင်းလာသော အရှိန်အဟုန်နှင့် ရေအလျဉ်ကို ရုတ်တရက် ဆွဲလှည့်လိုက်သလို ဖြစ်သွား၍ ဝဲအဖြစ် ပြောင်းလဲသွားသည်ဟု ကျွန်တော်


mgyoe.com

mgyoe.com SAMPLE BOOK

ကြားသိရသည်။

ထိုစဉ်က ဝဲကြီး၏ တဟဲဟဲအော်သံနှင့် ရေပြင်မှာ ကျွန်တော်ထင်ထားသလို ရေကတော့ပုံစံ စက်ဝိုင်းပုံ လည်နေခြင်းမဟုတ်ဘဲ ရေပြင်အပေါ်ယံလွှာက ပွက်ပွက်ဆူနေသော ရေလိုပုံစံမျိုး ဖြစ်နေ၏။ စက်လှေဆရာများက ထိုပွက်ပွက်ထနေသော ရေပြင်ရှိ ဝဲခေါင်းများကိုကြည့်၍ ဝဲခေါင်း ထအပွက်မှာ စက်လှေခေါင်းကို ဦးတင်ပြီး စက်ကုန်ဖွင့် ဖြတ်ရ၏။

ထိုဝဲခေါင်းတစ်လုံး ဖြတ်ပြီးတော့ မပြီးသေး။ စက်လှေကို အရှိန်သတ်ချ၍ နောက်ဝဲခေါင်းတစ်လုံး ထအပွက်ကို စောင့်ရင်း လှေကို ကျွမ်းကျင်စွာထိန်းရင်း စောင့်ရပြန်သည်။ ဝဲခေါင်းတို့ကလည်း ချင်းတွင်းရေပြင်ကြီးထက်မှာ နေရာပေါင်းစုံမှ ရေဆူသလို ပွက်နေ၍ မိမိလှေဦးနှင့် အနီးဆုံး၊ အသင့်တော်ဆုံး၊ အန္တရာယ်အကင်းဆုံး ဝဲခေါင်းကို ရွေးချယ်တတ်ဖို့ဆိုသည်မှာ ရှော်တယ်ပိုင်းလှော်ကြီးများ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံသာ ဖြစ်ပါသည်။

ရှော်တယ်တစ်စီးတွင် လူ ၇၀ မှ ၁၀၀ နီးပါး ပါကြ၍ ထိုခရီးသည်များ၏ အသက်သည် ပိုင်းလှော်ကြီးများ၏ လက်ထဲတွင်သာ ရှိလေသည်။ သူတို့၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံများကိုတော့ မလေးစားဘဲ မနေနိုင်ပါ။ ဒါတောင်မှ အမြန်ရေယာဉ်များ နစ်မြုပ်ပြီး အသက်ရာနှင့်ချီ ဆုံးရှုံးသွားရသော ဖြစ်စဉ်များ ဤချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် များစွာ ရှိခဲ့ဖူးသည်။

ကျွန်တော် အိုးစည်ကြီးနှစ်လုံးနားက မခွာတော့။ ကျောက်ဆင်းတုတော်ကြီးကိုလည်း ကြည့်ပြီး ကြည်ညိုလိုက်ရတာလည်း အမော။ ရသမျှဘုရားစာများလည်း ကုန်ပြီ။ ထပ်ခါထပ်ခါ ရွတ်နေ၍ ဘယ်နခေါက်မှန်းလည်း မသိတော့ပေ။ အတော်လေးကြာတော့မှ လှေက ပုံမှန်စက်သံနှင့် ပုံမှန်လိုအရှိန် ပြန်ဖြစ်သွားတာ သတိထားမိလာသည်။ ဝဲကိစ္စတော့ ပြီးပြီ ထင်သည်။

"ဟာ ... ကိုယ့်ဆရာ။ အဲဒီအိုးစည်တွေ ဖက်မထားနဲ့လေ။ ရှေ့လဲ


mgyoe.com

mgyoe.com
SAMPLE BOOK

သွားမှ လျော်နေရအုံးမယ်" ဆိုမှ ဘယ်အချိန် ကျွန်တော် အိုးစည်ကြီးကို ဖက်ထားမိမှန်းမသိ။ ကျစ်ကျစ်ကိုပါလို့။

လှေက ပုံမှန်သွားနေပါပြီ။ ကျွန်တော်လည်း စိတ်တို့ အတော်လေး ငြိမ်သက်လာပါပြီ။ ထိုတော့မှ ရှေ့ခန်းက ဆရာနှစ်ပါးအနား အသာ ကပ်ရပြန်၏။

"အစ်ကို ..." လို့ မဝံ့မရဲလေး ခေါ်ရင်း ...

"ဒီလိုဝဲမျိုး နောက်ရှိအုံးမလား" မေးလိုက်တော့ စက်ဆရာက ...

"ရှိတယ်ဗျ ...။ စာချိုးလေးတောင် ရှိသေး။ အထက်မှာပေ၊ အောက်မှာရွှေ၊ အလယ်ဝက်သိုက် မျက်ဖြူဆိုက်တဲ့"

"ဟင် ..."

အာမေဋိတ်သံရှုတ်ရင်း ဘာသာပေါင်းစုံ၏ ဘုရားများကို တလိုက်ချိန်မှာ ...

"မပူပါနဲ့။ ရွှေစာရေးလောက် မကြမ်းပါဘူး။ ချင်းတွင်းမြစ်က ဝဲတွေကတော့ ပေါတယ်ဗျ။ ဟုမ္မလင်းဘက်မှာ မစိန်ဝဲဆိုတာလည်း ရှိသေးတယ်။ အထက်မှာပေဆိုတာ ကလေးဝဘက်က ပေဝဲ၊ အောက်မှာရွှေဆိုတာ အခု တို့တွေဖြတ်ခဲ့တာပေါ့။ အလယ်ဝက်သိုက်ဆိုတာက ကင်းနဲ့ မင်းကင်းကြားက ဝက်သိုက်ဝဲပေါ့ဗျ"

စက်ဆရာပြောတာ နားထောင်ပြီး ...

"အမယ် ... ဝဲတောင် စာချိုးလေးနဲ့ဆိုပဲ"

တကယ့် အာဂချင်းတွင်းပါလေ။

အခုလို မိုးနှောင်းကာလတွင် ထိုဝဲကြီးများသည် သဘော်ကြီးများမှ လွဲ၍ ယခုကဲ့သို့ အမြန်ရေယာဉ်များအတွက် အန္တရာယ်ရှိလှပေသည်။ ကျွန်တော်လည်း သဘော်စီးခဲ့လျှင် အကောင်းသားပါ။ သို့ပေမဲ့ သဘော်က ရှော်တယ်လိုမဟုတ်။ ကြာသည်။ အခန့်မသင့်လျှင် သောင်တင်ပြီး ညအိပ်ရတတ်၍ ယခုကဲ့သို့ အမြန်ရေယာဉ် စီးလာရခြင်းဖြစ်၏။ အခုတော့ ဝဲများနှင့်


mgyoe.com

mgyoe.com
SAMPLE BOOK

ချာချာလည် ဖြစ်နေရပေပြီ။

တချို့နေရာများတွင် စက်လှေက ကမ်းမကပ်ဘဲ ရေလယ်မှာရပ်သည်။ ကမ်းမှ ခရီးသည်များက လှေငယ်လေးများဖြင့် စက်လှေဆီလာ၍ စီးရ၏။ ထိုသို့ လှေကို ရေလယ်ခေါင်ရပ်ထားချိန်တွင် ထမင်းထုပ်၊ ရေသန့်ဘူး၊ မုန့် စသည်တို့ ရောင်းသော လှေကလေးများက စက်လှေဆီလာ၍ ရောင်းချကြ၏။

ကျွန်တော်လည်း ဝဲများနှင့် ဆက်ကြုံရဦးမှာမို့ အကြောက်လွန်ပြီး မသေခင် မျိုဖို့ ထမင်းတစ်ထုပ် ဝယ်သည်။ ပြီးတော့ ရေသန့်ဘူးဝယ်သည်။ စက်လှေအနောက်ဘက်သို့ တစ်ပေကျော်လောက်သာရှိသည့် ကုန်းပတ်လေးပေါ် လျှောက်၍ လှေဖင်ပိုင်းမှာရှိသည့် အိမ်သာသို့ သွားပြီး တစ်ပို့တစ်ပါး ဖြေရှင်း၏။

ဤနေရာတွင် တစ်ခုပြောရန်မှာ ထိုစဉ်က ရှော်တယ်ကုန်းပတ်များတွင် ယခုလို သံလက်ရန်းများ မရှိသေး။ အခုတော့ သံလက်ရန်းများ တချို့နေရာများတွင် တပ်ထား၍ အန္တရာယ်ကင်းလှ၏။ အကယ်၍ ထိုစဉ်က လှေသွားနေချိန် အိမ်သာသွားချင်လျှင် ထိုကုန်းပတ်သေးသေးလေးပေါ်မှာ ဖြည်းဖြည်းချင်းလျှောက်ကာ လှေခေါင်မိုးတစ်လျှောက် တပ်ထားသော သံတန်းလေးကိုင်ပြီး သွားရ၏။ လှေအရှိန်နှင့် ခြေချော်ပြီး ချင်းတွင်းမြစ်ထဲ ပြုတ်ကျသွားလို့ကတော့ ကျွန်တော်လိုကောင်မျိုးဆို တစ်ခါတည်း မာလကချာန်ကြွသွားပေမည်။

ရှော်တယ်ပြန်ထွက်တော့ ကင်းရွာဆိပ်မှဖြစ်၍ ရှေ့ကပ်ရမှာက မင်းကင်းမြို့။ ထိုကင်းရွာနှင့် မင်းကင်းကြားတွင် ဝက်သိုက်ဝဲကြီး ရှိနေခြင်းဖြစ်လေသည်။ ဒီတစ်ခါ ဝဲဖြတ်ပုံက တစ်မျိုး။

ဝက်သိုက်ဝဲက ကျွန်တော်မှတ်မိသလောက် ပြောရရင် ရွှေစာရေးလိုမဟုတ်။ သူက လှိုင်းကြက်ခွပ်လေးတွေလိုမျိုး ဖြစ်နေပြီး တချို့နေရာများတွင် ရေကတော့ပုံစံမျိုး မြင်ရသည်။ ထိုဝဲကြီးလည်နေသည့် ရေလယ်ခေါင်

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

တွင် ကျောက်ဆောင်ကြီးတစ်ခု ရှိနေပြီး မြစ်ရေက ထိုကျောက်ဆောင်ကြီးကို ခွဲထွက်ကာသွားပြီး ဝက်သိုက်ဝဲကြီး ဖြစ်နေသည်ထင်ပါသည်။

ကျွန်တော်ကလည်း ဒီတစ်ခါတော့ ရွှေစာရေးအတွေ့အကြုံ ရှိနေ၍ အရင်လို သိပ်မကြောက်တော့။ ဝဲဖြတ်ချိန်မှာတောင် ထမင်းထုပ်ထဲ ပါလာသည့် ကြက်ကြော်လေးမှ ကြက်ရိုးလက်ကျန်လေးတောင် စုပ်နေလိုက်သေးသည်။

မကြောက်ပါဘူးဆိုမှ ကျောက်ဆောင်ကြီးနားအရောက် စက်လှေက ဘာဖြစ်မှန်းမသိ 'ဂစ်ဂစ်' ဆိုပြီး စက်ထိုးရပ်သွားသည်။ ထို့နောက် လှေသည် ဖင်ကြီးချာလယ်ရမ်းကာ လည်ထွက်သွားပြီး ကျောက်ဆောင်ကြီးဆီ အရှိန်နှင့် ပြေးကပ်တော့၏။ စက်ဆရာ၏အော်သံ၊ သူ့တပည့်၏ ထိုင်ခုံမှ ဝုန်းခနဲ အပြင်ပြေးထွက်သွားသံတို့နှင့်အတူ ကြက်ရိုးလေး တပြွတ်ပြွတ် လုပ်နေသော ကျွန်တော် မျက်လုံးလေး ကလယ်ကလယ်နှင့် ရုတ်တရက် ဘာလုပ်ရမှန်း မသိတော့။ ဘာဖြစ်လို့ဖြစ်နေမှန်းလဲ မသိ။ သိတာက လှေသည် ဝဲအလယ်ခေါင်တွင် ချာခနဲလည်ပြီး အလယ်က ကျောက်ဆောင်ကြီးဆီ အရှိန်နှင့် ပြေးကပ်နေတာပဲ သိ၏။

ခေါင်မိုးပေါ်မှ လှေဝန်ထမ်းများ ရုတ်တရက် ထိုးဝါးကိုယ်စီကိုင်၍ ဖုတ်ခနဲ ဖုတ်ခနဲ ခုန်ဆင်းလာကြ၏။ ထို့နောက် အသံတွေ ဆူညံကာသွားပြီး ထိုးဝါးများနှင့် ဖင်ရမ်းကာ ပြေးကပ်နေသော လှေနောက်ပိုင်းသို့ ပြေး၍ ကျောက်ဆောင်နှင့်လှေ အရှိန်နှင့် မတိုက်မိရန် အသားကုန် ဝါးထိုးထောက်၍ ကာရတော့၏။

ကျွန်တော် ကြက်ရိုးကို လွှင့်ပစ်ကာ အိုးစည်ကြီးဆီ ပြေးရပြန်ပါပြီ။ အသက်နှင့်ခန္ဓာ မြဲလျက် ကျွန်တော့်ရည်မှန်းချက် ချောင်းဝရွာသို့ ရောက်ပါစေကြောင်း ဘုရားစာတွေ ပြန်ရွတ်ရပြန်ပြီ။ စက်ခန်းမှ စက်ဆရာလည်း သူ့ထိုင်ခုံတွင် မရှိတော့။ လှေကုန်းပတ်ဘက်သို့ ထွက်ကာ "ဟိုနားထိုးဟ၊ ဒီဘက်ထိုးဟ၊ ဟာ ... ဟာ ကပ်နေပြီဟ" နှင့် ငယ်သံပါအောင် အော်ဟစ်


mgyoe.com

mgyoe.com SAMPLE BOOK

သံကြား အင်ဂျင်စက်သံလည်း မကြားရတော့။ ငါးပါးတော့ မှောက်ပြီထင်သည်။ သည်တစ်ခါတော့ တကယ်ပဲ ရန်ကုန်သား စမုံတုံးပြီ ထင်ပါသည်။ ဘာပဲဖြစ်ဖြစ် အိုးစည်ကြီးသာ ချစ်သူဖက်သလို ဖက်ထားရင်း ခဏနေတော့ စက်ဆရာ ပြန်ဝင်လာပြီး စက်ကို မရမက နှိုးနေရာကနေ ဂူးခနဲအသံနှင့် စက်နိုးသွားလေပြီ။

ထို့နောက် လှေက ဝဲထဲမှ စက်ကုန်ဖွင့်ရုန်း၏။ တဂူးဂူးနှင့်အော်ကာ တော်တော်နှင့်ရုန်းမရ။ လှေထိုးသားများကလည်း ကျောက်ဆောင်ကို အတင်းကန်ကာ ဝါးထိုးရင်း လှေကရုန်းရင်းနှင့် နောက်ဆုံးတော့ ဝဲအထက်ထိပ်ဖျားသို့ လှေဦးတင်မိချိန်တွင် ကံကောင်းထောက်မစွာ ရုန်းထွက်လာနိုင်ပါတော့သည်။

ဒီတစ်ခါမှ တကယ်ပင် ကျွန်တော့်မျက်နှာတွင် သွေးမရှိတော့။ ဝဲကလွတ်လာမှ သက်ပြင်းချရင်း စက်ဆရာကိုကိုဆီ အသာလေးကပ်၍–

“အစ်ကို ...”

စက်ဆရာကိုကိုက လက်ကာပြရင်း ...

“ခဏ ... ညီလေး။ အင်ဂျင် ရုတ်တရက် ဘာဖြစ်တယ်မသိဘူး ထိုးရပ်သွားတာ။ စိတ်မပူနဲ့” တဲ့။

“စိတ်မပူပါဘူးဗျာ။ စိတ်ကိုအေးလို့ဆိုတဲ့ အပိုဒ်ပါ” ဟုသာ ပြောလိုက်ချင်တာပါပဲဗျာ။ ဘယ့်နှယ့် ... ဝဲထဲ စက်ခဏရပ်သွားတာကို စိတ်မပူနဲ့ဆိုပဲ။ ခဏနေတော့ ကမ်းခဏကပ်ပြီး သူတို့ အင်ဂျင်ကို စစ်သည်ထင်သည်။ ကျွန်တော်လည်း ထပ်မမေးတော့။ သေလည်း သေပါစေတော့။ သူပြောသလို စိတ်မပူတော့ပေ။ ရေလည်း မကူးတတ်တော့ ပိုလို့တောင် စိတ်အေးသွားရပြီ။ မသေမှာ မပူရတော့။

ဒီလိုနှင့် ဆက်ထွက်ရင်း မင်းကင်းမြို့ ရောက်လေပြီ။ ကျွန်တော့်အခန်းထဲက အိုးစည်တွေ၊ ကျောက်ဆင်းတုတော်နှင့် ကျန်သောပစ္စည်းများ ချသွားကြပြီ။ ဝန်စည်စလယ်များ မရှိတော့၍ ကိုယ်တစ်ယောက်တည်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

လွတ်လပ်သွားသော်လည်း အိုးစည်ကြီးများ မရှိတော့၍ ရင်ထဲမှာ အတွယ်အတာ မဲ့သွားသလိုတော့ ခံစားလိုက်ရ၏။

မင်းကင်းမှဆက်ထွက်တော့ ရာသီဥတုက သာယာလာသည်။ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းက ရှုခင်းများကလည်း တဖြည်းဖြည်း ပြောင်းလဲလာ၍ တောင်စဉ်တောင်တန်းကြီးတို့ကို ညို့မှိုင်းနေအောင် မြင်လာရ၏။ တချို့တောင်ထွဋ်များ၏ ထိပ်တွင် တိမ်ခိုးများဝေနေ၍ လွမ်းမောဖွယ်ရာ ပုံတောင်ပုံညာဒေသ၏ အငွေ့အသက်ကို စတင်ခံစားလာရပြီဟု စိတ်က သိလာရပေပြီ။ လှမ်းမြင်နေရသော ရွှေသမင်တောင်တန်းကြီး၏ ဟိုးတစ်ဖက်ဆီတွင် ကျွန်တော်သွားရမည့် ပုံညာသူတို့ပျော်စံရာ တောင်တွင်းချောင် (ဂျောင်) ဒေသခေါ် တောင်တွင်း ၃၆ ရွာနယ်မြေ ရှိသည်။

ခရီးက မပြီးသေး။ အခုမှ သွားရောက်ရမည့် ဒေသကို မှိုင်းပျပျသာ လှမ်းမြင်နေရပါသေးသည်။ အနောက်ဘက်ကောင်းကင်ယံတွင် မိုးသားတို့ကြည်လင်ကာ ပြာလဲ့လဲ့ လင်းလက်နေ၍ လွတ်လပ်စွာ ပျံသန်းနေကြသော ငှက်ကလေးများကို ကြည့်ရင်း ဘယ်ပန်းချီမှ ရေးလို့မမီသော ပုံတောင်ပုံညာ၏ အလွမ်းပန်းချီ နယ်အစကို လှမ်းကာမျှော်ရင်းကနေ ရင်ထဲမှာ ကြည်နူးမိတော့သည်။

အခုတော့လည်း ချင်းတွင်းမြစ်ပြင်ကြီးသည် စောစောက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များက သူမဟုတ်သလိုနှင့် တည်ငြိမ်ကာနေ၏။ ထို့ကြောင့်လည်း မြစ်တို့၏မာယာဆိုပြီး စာဆိုပညာရှင်ကြီးများက ခေတ်အဆက်ဆက် တင်စားခဲ့ကြခြင်းပင် ဖြစ်ပေမည်။ သူတို့ပြောသော စာချိုးထဲကအတိုင်း 'အထက်မှာပေ' ဆိုသည့် ပေဝဲကြီးကို ကျွန်တော် မကြုံရတော့ပါ။ ကျွန်တော်ဆင်းရမည့် လှေဆိပ်က ရှေ့ဆို ရောက်လေပြီ။

ကျွန်တော် အတွေးနယ်ချဲ့နေစဉ်မှာပင် ချောင်းဝရွာသို့ ဆိုက်ကပ်ရန် စက်လှေက ပြင်နေပြီ။ ကျွန်တော် ကျောပိုးအိတ်ကို အသင့်လွယ်ထားပြီး ခရီးဆောင်အိတ်ကို လက်မှကိုင်ကာ အဆင်သင့် လုပ်ထားလိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မကြာမီ လှေဆိုက်ပြီ။ ချောင်းဝမှာဆင်းသူက ကျွန်တော်တစ်ယောက်တည်း။ ကမ်းနဖူးပေါ်မှာတော့ ကျွန်တော့်ကို လာကြိုပေးမည့် တံတားဆောက်လုပ်ရေး ပံ့ပိုးမှုစခန်းမှ လူတစ်ယောက်ယောက်တော့ ရှိနေမည်ဆိုတာတော့ ကြိုသိနေမိသည်။ ထင်သည့်အတိုင်း လှေဆိုက်ပြီး လှေပေါ်ကဆင်းတော့ နှစ်လိုဖွယ်အပြုံးနှင့် အသက် ၅၀ လောက် လူကြီးတစ်ယောက်က နွေးထွေးစွာ ဆီးကြိုပါ၏။

ကမ်းနဖူးပေါ်ရောက်တော့ ကျွန်တော် ချက်ချင်း မသွားနိုင်သေး။ တစ်စုံတစ်ရာသော သံယောဇဉ်က ကျွန်တော့်ကို ချည်နှောင်လိုက်သလိုမျိုးဖြစ်နေ၍ ချင်းတွင်းရေပြင်ကြီးဘက် ကျွန်တော် ငေးကြည့်နေမိလေသည်။ စက်လှေသည် ကမ်းမှခွာသွားပြီး ကလေးဝ – ဟုမ္မလင်းဘက်သို့ ချင်းတွင်းရင်ခွင်လွှာကို ရှပ်တိုက်ခွဲဝင်ကာ ဆက်လက်ထွက်ခွာသွားလေပြီ။

တစ်စုံတစ်ရာ၏ ခိုင်းစေမှုမှ မပါဘဲ ကျွန်တော် လက်ပြလိုက်မိ၏။ ကျွန်တော့်လက်ပြနှုတ်ဆက်မှုကို ဘယ်သူမှ သိနိုင်မှာမဟုတ်မှန်း ကျွန်တော်သိပါသည်။ ဒီလိုပါပဲ။ ဘဝမှာလည်း ဘယ်သူမှမသိဘဲ လက်ပြနှုတ်ဆက်ပြီး ထွက်ခွာသွားကြတဲ့သူများ ရှိသလို ကိုယ့်ဘက်က လက်ပြနှုတ်ဆက်တာတောင်မှ ဘယ်သူ့မှ မသိလိုက်တဲ့သူများလည်း ရှိပါသည်။

"ခဏတာ ခွဲခွာရအုံးမှာပေါ့ မြစ်ကြီးရေ ..."

ကျွန်တော် ရေရွတ်ရင်း လာကြိုသူ၏နောက်သို့ လိုက်သွားလိုက်ပါတော့သည်။

❑

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း (၃)

ဒီညတော့ ချောင်းဝရွာမှာပင် တစ်ညအိပ်ရမည်ဖြစ်ပြီး မနက်စောစောကျမှ စက်လှေနှင့် တောင်တွင်းချောင်းအတိုင်း ဆန်တက်၍ တောင်တွင်းချောင် (ဂျောင်) ဒေသသို့ ခရီးဆက်ရမည် ဖြစ်သည်။

တောင်တွင်းချောင် (ဂျောင်) ဆိုသည်မှာ သူတို့ဒေသအခေါ် ဖြစ်ပြီး တည်နေရာကတော့ ရွှေသမင်တောင်တန်းကြီးနှင့် ပုံတောင်ပုံညာတောင်တန်းကြီးတို့အကြားတွင် ရှိ၏။ ထိုဒေသတွင် တောင်တွင်း ၃၆ ရွာ တည်ရှိ၍ ထို ၃၆ ရွာထဲတွင် ကျွန်တော်သွားရမည့် မြို့မကျေးရွာလည်း အပါအဝင် ဖြစ်သည်။ ယခုတည်ဆောက်နေသော တံတားကလည်း တောင်တွင်းချောင်းကို ဖြတ်၍ ထိုးထားသော မြို့မတံတားဖြစ်၍ ထိုတံတားသည် မုံရွာမှ ကလေးဝသို့ စတင်ဖောက်လုပ်နေသော ယာကြီး – ကလေးဝ လမ်းပေါ်ရှိ တံတားများထဲမှ တစ်ခုအပါအဝင် ဖြစ်ပါသည်။

အဆိုပါ တောင်တွင်းချောင်းသည် အလောင်းတော်ကဿပ တောင်ဘက် ယော၊ ဆောဒေသတွင် ဆောချောင်းနှင့်ဆုံရာမှ ခွဲထွက်၍


mgyoe.com

mgyoe.com SAMPLE BOOK

ရွှေသမင်တောင်တန်းနှင့် ပုံတောင်ပုံညာတောင်တန်းကြီး နှစ်ခုအကြားရှိ လွင်ပြင်ကြီးသဏ္ဍာန် ဖြစ်နေသော တောင်တွင်းလွင်ပြင်ဒေသကြီး တစ်ခုလုံးကို ရစ်ခွေစီးဆင်းပြီး နောက်ဆုံး ချောင်းဝရွာတွင် ချင်းတွင်းမြစ်ထဲသို့ စီးဝင်သွားပါတော့သည်။

သူစီးဆင်းလာရာ ဒေသတစ်လျှောက်ရှိ ရွာများအတွက် စိုက်ပျိုးရေရရှိရုံတင်မက သောက်သုံးရေနှင့် ရေလမ်းခရီး ဆက်သွယ်ရေးကိုပါ အသုံးပြုလို့ရ၍ ဤဒေသတစ်ခုလုံးအတွက်တော့ အတော်လေး အကျိုးပြုနေသည့် ချောင်းတစ်ခုဆိုလည်း မှားမည်မထင်ပေ။

ကျွန်တော် ညအိပ်သောအိမ်က စက်လှေပိုင်ရှင်၏ အိမ်ဖြစ်သည်။ ဒီဒေသမှာတော့ တည်းခိုခန်းတို့ ဘာတို့လည်း မရှိ၍ အခုလိုပင် ကိုယ်ငှားရမ်း အသုံးပြုသည့် စက်လှေပိုင်ရှင်၏ အိမ်တွင်သာ အိပ်ကြရသည့် ထုံးစံရှိသည်။ စက်လှေပိုင်တို့ကလည်း အခုလို နယ်ဝေးခရီးသည်များကို မိမိတို့အိမ်တွင် လာရောက်တည်းခိုသည့် ကိစ္စအတွက် မညည်းမညူ နွေးထွေးပျူငှာစွာ ကြိုဆိုဧည့်ခံကြ၏။ ထမင်းလည်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးကြသည်။ ဒီဒေသ၏ ထုံးစံလို ဖြစ်နေသည့်အပြင် စိတ်ရင်းစေတနာများကလည်း အလွန်ကောင်းမွန်ကြတာ ပါပါသည်။

ကျွန်တော် တည်းခိုသောအိမ်က နှစ်ထပ် ကျွန်းအိမ်ကြီး ဖြစ်သည်။ အိမ်အလယ်ခေါင် ကျွန်းတိုင်ကြီးပင်လျှင် ကျွန်တော့်တစ်ဖက်စာလောက်ရှိ၍ သစ်ဝါးပေါလှသော ဒေသတို့၏ ထုံးစံအတိုင်း သစ်ကို ကောင်းပေ့ညွန့်ပေ့ ဆိုတာများသာ ရွေး၍ တည်ဆောက်ထားကြပုံပင်။ အိမ်ကြီးတစ်ခုလုံးကလည်း ရေနံချေးတွေ ဝနေ၍ ကျွန်တော်အိပ်ရန် နေရာချပေးသည့် အပေါ်ထပ်က ကျွန်းသားကြမ်းခင်းမှာ ရေနံဆီတိုက်ထားတာ ဝနေ၍ မဟော်ဂနီရောင် ပြောင်လက်ကာနေ၏။

ကျွန်တော်က ထမင်းစားပြီး ညဘက်ရောက်တော့ စက်လှေပိုင်ကြီးနှင့် သူတည်ခင်းပေးသော ဂျီသားခြောက်၊ ငါးခြောက်ဖုတ်ဆီဆမ်း စသည်


mgyoe.com

mgyoe.com SAMPLE BOOK

တို့ကို မြုံ့ရင်း ရေနွေးကြမ်းလေးသောက်ကာ စကားစမြည် ပြောဆိုဖြစ်ကြသည်။ ဒေသနှင့်ပတ်သက်သည့် ဗဟုသုတများကိုလည်း ကျွန်တော် သိလိုသမျှ သူက ရှင်းပြသည်။ ကျွန်တော်ပေးသည့် ငါးသေတ္တာဘူး လက်ဆောင်ကိုတောင် မယူဘဲ သူကတောင် ဟိုရောက်ရင် ကျွန်တော်စားဖို့ဆိုပြီး ဂျီသားခြောက်တချို့ကို သတင်းစာစက္ကူနှင့် သေချာထုပ်ပိုးကာ ထည့်ပေးလိုက်သေး၏။ ကျွန်တော် ငြင်းဆန်သော်လည်း "ယူသွားပါငါ့တူရယ်။ ဟိုမှာကမင်း ရောက်ရင် သိပါလိမ့်မယ်။ အစားအသောက်က ကိုယ်လိုချင်တာ မရဘူးကွ" ဟု ဆိုကာ အတင်းထိုးပေးတော့လည်း ယူခဲ့ရသည်ပေါ့။

ဂျီသားကတော့ မစစ်မှာ မပူရ။ ဒီနေရာမျိုးမှာမှ မစစ်လျှင် ဘယ်နေရာ စစ်မည်နည်း။ ဂျီ စစ်၊ မစစ် စားကြည့်လိုက်တာနှင့် သိသည်။ လျှာဖျားပေါ်တွင် အိ၍ ချိုစိမ့်နေသော အရသာကို အခုအထိ မမေ့သေး။ ဆီကလည်း ကိုယ့်ဘာသာကိုယ် အိမ်မှာကြော်သော နှမ်းဆီစစ်စစ်လေး။ ကဲ ... ဘာပြော ကောင်းမလဲ။

ငါးခြောက်ကို မေးဦးမလား။ ချင်းတွင်းမြစ်ထဲက လတ်လတ်ဆတ်ဆတ်ရသော ငါးကို ငါးခြောက်လုပ်ထားတာဗျာ။ ငါးကြင်းခြောက်လို့ ပြောတာပဲ။ လုံးဝမငန်။ အရသာ အလွန်ရှိလှပါပေသည်။

ညစာကိုတော့ အိမ်ကြက်နှင့်ဘူးသီး ရောထားသော ကာလသားချက် တစ်ခွက်၊ ဘူးညွန့်နှင့် ဖရုံညွန့် ကြော်ထားတာ တစ်ခွက်။ ပြီးတော့ ငရုတ်သီးဆားထောင်းက ပန်းကန်အသေးလေးနှင့် တစ်ပန်းကန်။ ခရီးကလည်း ပန်းမို့ ရေချိုးပြီး စားလိုက်တာ ထမင်းသုံးပန်းကန် လျှော့ခနဲပဲ။

လှေပိုင်ရှင်ကြီးက စကားပြောလည်း ကောင်းသည်။ ကိုယ်တွေသွားရမည့် တောင်တွင်းဒေသက ရွာသူတို့က အသားအရေလှကြပြီး မည်သို့မည်ပုံ ချောကြောင်းလည်း ခဏခဏ ပြောသည်။ ပြောမှာပေါ့ ... သူယူထားတာက တောင်တွင်းရွာသူကိုး ...။ သူပြောတာ ဖြစ်လည်း ဖြစ်နိုင်ပါသည်။ လှေပိုင်ကြီးကတော်က အသားဖြူဝင်းဝင်းနှင့် မျက်နှာက အမြဲပြုံးနေကာ


mgyoe.com

mgyoe.com SAMPLE BOOK

သဘောသဘာဝက္ကာယ ကောင်းပြီး မျက်နှာက အကြည်ဓာတ် ရှိလှပါသည်။

ဒီလိုနှင့် စကားပြောကောင်းလာပြီး ညဥ့်လည်း နက်လာပြီမို့ မနက်လည်း ခရီးဆက်ရဦးမှာ ရှိနေ၍ ကျွန်တော်တို့ စကားလက်စ သတ်လိုက်ကြကာ အိပ်ယာဝင်ရန် ပြင်ဆင်ပါတော့သည်။

ကောင်းကင်မှာ လခြမ်းကွေးကွေးလေးက သာလျက်ရှိသည်။ တိမ်ဖြူဖြူလေးတွေက လမင်းကြီးကို ဖြတ်သွားရင်း ချင်းတွင်းမြစ်ကမ်းနဖူးက ညသည် ကဗျာဆန်လှပါပေသည်။ တစ်ချက်တစ်ချက် ပုံတောင်ပုံညာဘက်က ဝေ့ဝဲတိုက်ခတ်လာသော လေတချို့မှာ အအေးဓာတ်ကလေးများ ပါဝင်နေတာ သတိထားမိ၏။

❑

အရုဏ်တက်ချိန်တွင် စက်လှေအင်ဂျင်သံများ၊ လူများ၏ စကားသံများက နားထဲမှာ သဲ့သဲ့ကြားလာရ၍ အိပ်ရာမှ နိုးလာမိသည်။ ညက ထမင်းစားလို့လည်းကောင်း၊ ပထမနေ့ မုံရွာမှာ အိပ်သည့်ညကလည်း ကောင်းကောင်း အိပ်မပျော်ခဲ့၍ ညက အိပ်ရာဝင်၊ ဘုရားရှိခိုးပြီးသည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ အခုမနက်တော့ ကြည်လင်စွာ နိုးထလာမိပါတော့သည်။

ခြင်ထောင်ခေါက်၊ အိပ်ရာသိမ်းပြီး မျက်နှာသစ်ရန် ပစ္စည်းများယူ၍ အောက်ထပ်သို့ ဆင်းလာခဲ့တော့ လှေကားအဆင်းတွင် စက်လှေပိုင်ကြီးကတော်က အပြုံးနှင့်ဆီးကြို၍ မျက်နှာသစ်ရေခွက်၊ သွားတိုက်ဆေး၊ သွားပွတ်တံအသစ်များ ကမ်းပေးလာသည်နှင့် ကျွန်တော့်တွင် ယူလာကြောင်းပြကာ ကျေးဇူးတင်စကားပြောပြီး အိမ်ရှေ့အုတ်ကန်ဆီသို့ ထွက်ခဲ့လိုက်သည်။

အပြင်မှာ မြူလိုလိုတို့ အုံ့ကာဆိုင်းနေ၍ မနက်ခင်းက ကြည်


mgyoe.com

mgyoe.com
SAMPLE BOOK

ကြည်လင်လင် မရှိသေး။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့ ချင်းတွင်းမြစ်ပြင်ကြီးက ရေရိုးတို့ ပျံတက်နေတာ တွေ့ရ၍ အတော့်ကို လှပနေသည်။

မျက်နှာသစ်ပြီးနောက် ပါလာသည့် ခရီးဆောင်ပုဝါလေးနှင့် မျက်နှာသုတ်လိုက်စဉ် ရုတ်တရက် လာရောက်ထိတွေ့သော လေနုအေးက နှာသီးထိပ်ဖျားမှာ အေးစက်ကာသွား၍ စိတ်ထဲမှာ အစွမ်းကုန် ကြည်လင်လန်းဆန်းကာသွား၏။ ထို့နောက် လေကို အဆုတ်ထဲ တစ်ဝရှူသွင်းကာ မှုတ်ထုတ်လိုက်ချိန်တွင် လတ်ဆတ်လွန်းလှသော လေရနံ့က ရင်ခွင်တစ်ခုလုံးကို အေးစက်လှပကာသွားစေ၏။ ယခုမနက်ခင်းတော့ အတော်ပြည့်စုံသွားလေပြီ။

"နိုးပြီလား ငါ့တူ"

လှည့်ကြည့်လိုက်တော့ စက်လှေပိုင်ကြီး။

"လာလာ ... မင်းစီးမယ့်လှေက မရောက်သေးဘူး။ အခုမှ ကုန်ပို့ပြီး ပြန်လာတုန်း။ ထမင်းကြော်လေးနဲ့ လက်ဖက်ရည် သောက်လိုက်အုံး"

"ဦးလေးရယ် ... အားနာစရာဗျာ။ ညကလည်း ထမင်းကျွေးတယ်။ အခုလည်း မနက်စာဆိုတော့ ... "

ကျွန်တော့်စကားပင် မဆုံးသေး။ သူက လက်ကာပြပြီး ...

"ရတယ် ... မလိုဘူး။ ငါတို့ဆီလာတဲ့ တံတားအဖွဲ့တွေမှန်သမျှ ငါတို့ကပဲ အခုလို တာဝန်ယူ လုပ်ပေးနေကျပါ။ မင်းက အခုမှရောက်လို့"

"အားမနာနဲ့ဆိုတော့လည်း စားပြီဗျာ"

သူတို့ကျွေးသည့် ထမင်းကြော်နှင့် ကြက်ဥကြော်၊ ပြီးတော့ ကော်ဖီတစ်ခွက် သောက်ပြီး အချိန်ရနေသေး၍ ချင်းတွင်းမြစ်ဘက်သို့ ဆင်းလာလိုက်သည်။

ချင်းတွင်းမြစ်ကမ်းရောက်တော့ မြစ်ပြင်တွင် တံငါလှေလေးများ၊ စက်လှေအသေးလေးများ သွားလာနေကြသည့်အပြင် အောက်ဘက်သို့ စုန်ဆင်းနေကြသော ဝါးဖောင်၊ သစ်ဖောင်များကိုလည်း တွေ့နေရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြစ်ရေက အနီရောင်ထလျက် ရေစီးကတော့ တော်တော်သန်တာကို ရေစီးအလိုက် မျောကာလာသော ဝါးဖောင်များကို ကြည့်ခြင်းအားဖြင့် မှန်းဆမိသည်။

❑

ကျွန်တော်သိသော ချင်းတွင်းအကြောင်း

ကျွန်တော်သိသော ချင်းတွင်းမြစ်သည် မြန်မာနိုင်ငံ၏ အရှည်လျားဆုံးနှင့် အကြီးဆုံးဖြစ်သော "ဧရာဝတီ" မြစ်၏ အကြီးဆုံး မြစ်လက်တက် ဖြစ်သည်။ "ချင်းတွင်း" ဆိုသည့် အဓိပ္ပာယ်မှာ ၎င်းမြစ်ဖျားခံရာ ဒေသခံ ရှမ်းနီတိုင်းရင်းသားများမှ "နမ့်ချင်းတွင်း" ဟု ခေါ်ဆိုရာမှ ပေါ်ပေါက်လာခြင်း ဖြစ်၏။ မြန်မာဘာသာဖြင့် အဓိပ္ပာယ်ပြန်ဆိုရသော် "ကြေးနီရောင်ရှိသောရေ" ဟု အဓိပ္ပာယ်ရ၏။ တကယ်လည်း ချင်းတွင်းမြစ်ရေအရောင်မှာ ဖြတ်သန်းစီးဆင်းလာရသော မြစ်ကြောင်းတစ်လျှောက်ရှိ အနီရောင် မြေသားများကို တိုက်စားလာရသောကြောင့် ကြေးနီရောင်ထလျက်ရှိသည်။ အိန္ဒိယ – မြန်မာနယ်စပ်တွင် အိန္ဒိယသားများကတော့ "တနိုင်းထ" ဟု ခေါ်ဆိုကြသည်။ ထို့အပြင် မြန်မာစာပေများ၌လည်း "သလ္လာဝတီမြစ်" ဟု ရေးသားဖော်ပြကြတာ တွေ့ရပါသည်။

"သလ္လာ" ဆိုသည်မှာ "မြား"

"ဝတီ" ဆိုသည်မှာ "ရေ" ဖြစ်၍

"သလ္လာဝတီ" ဆိုတော့ မြားကဲ့သို့ ရေစီးသန်သည့်မြစ်ဟု ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်သည်။

၎င်းမြစ်ဖျားခံရာ ဒေသကလည်း ကချင်ပြည်နယ်၊ ဟူးကောင်းတောင်ကြား၊ အိန္ဒိယ – မြန်မာ နယ်စပ်ရှိ ပတ်ကွိုင်တောင်တန်းနှင့် ကူးမွန်

mgyoe.com

mgyoe.com SAMPLE BOOK

တောင်တန်းများမှ ဖြစ်၍ ဖြတ်သန်းခဲ့ရသော တောအထပ်ထပ်၊ တောင်စဉ် အသွယ်သွယ်တို့ကြောင့် ဤကဲ့သို့ ရေစီးသန်နေခြင်း ဖြစ်လေသည်။

မိုင်ပေါင်း ၇၅၀ ရှည်လျားသော ချင်းတွင်းမြစ်သည် မြန်မာနိုင်ငံ အလယ်ပိုင်း "မြင်းခြံမြို့"အနီးတွင် ဧရာဝတီမြစ်ထဲသို့ စီးဝင်ကာ သွားပါ တော့သည်။ သူစီးဆင်းခဲ့ရာ လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ အတွက် ရေလမ်းခရီးသွားလာရေး၊ စိုက်ပျိုးရေလိုအပ်ချက်၊ စီးပွားရေးလုပ် ငန်းများ၊ ရေလုပ်ငန်းများ စသည်တို့ဖြင့် ချင်းတွင်းမြစ်ကြီးအား မှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသော သူများလည်း မနည်းပေ။ ထို့ကြောင့် ချင်းတွင်းမြစ်သည် သူဖြတ်သန်းခဲ့ရသော ဘဝက မည်မျှပင် ကြမ်းတမ်း ခက်ထန်နေပါစေ။ သူနေထိုင်စီးဆင်းရာ ပတ်ဝန်းကျင်အတွက်တော့ အတော်ပင် တာဝန်ကျေပွန်ခဲ့သော မြစ်တစ်စင်းဖြစ်သည်ဆိုလည်း မှားမည် မထင်ပေ။

"အစ်ကို လှေရောက်ပြီဗျ"

မြစ်ပြင်ကြီးကို ငေးရင်း ဆေးလိပ်လေး ထုတ်ဖွာနေသော ကျွန် တော့်ကို လှေပိုင်ကြီးအိမ်မှ ကောင်လေးတစ်ယောက် လာခေါ်၍ အတွေး နယ်ဖြတ်ကာ လိုက်ပါသွားရပါတော့သည်။

ကဲ ... သွားရအုံးမှာပေါ့ နောက်တစ်ကြောင်း။ ဒီတစ်ခါတော့ နာမည်ကျော် "ပုံတောင်ပုံညာ" နယ်မြေသို့ ...။

❑

လှေကလေးက စက်လှေအမျိုးအစားပေမဲ့ ရိုးရိုးပုံမှန်လှေထက် နည်းနည်း ပိုကြီးတာလောက်ပင် ရှိမည်။ လှေဖင်မြီးမှာ အင်ဂျင်လေးတစ် လုံး တပ်ထားပြီး လှော်တက်လေးနှစ်ချောင်းပါ လှေဝမ်းဗိုက်ထဲ ထည့်ထား သည်ကို တွေ့ရသောကြောင့် စက်နှင့်ရော လက်နှင့်ပါ လှော်၍ သွားလို့ရ


mgyoe.com

mgyoe.com SAMPLE BOOK

အောင် လုပ်ထားပုံရပါသည်။

လှေပေါ်သို့ ကျွန်တော့်တွင်ပါလာသည့် ပစ္စည်းများအပြင် မြို့မ ဂုဘက်က မှာလိုက်သည့် ပစ္စည်းတချို့လည်း ပါသည်။ သွားမည့် ခရီး ပည်ကတော့ ကျွန်တော်တစ်ယောက်တည်း။ လှေသမားက နှစ်ယောက်ဆို တော့ စုစုပေါင်း သုံးယောက်။ ထိုနှစ်ယောက်တွင် တစ်ယောက်က လှေ မောင်းဖြစ်၍ နောက်တစ်ယောက်က ဝါးလုံးကိုင်၍ ဟိုထောက်ဒီထောက်နှင့် ရကြောင်းပြ ဖြစ်ပုံရသည်။

ကျွန်တော်တို့လှေ စထွက်တော့ အင်ဂျင်နှင့် မသွားသေးဘဲ လက် ၊င့်သာ လှော်တက်လေးကိုင်၍ ဖြည်းဖြည်းချင်းလှော်ကာ ချောင်းအတိုင်း ဆန်တက်လာပြီး လှေဦးမှ ဝါးလုံးထောက်နေသူက ခေါင်းညိတ်ပြလိုက် တော့မှ အင်ဂျင်ကို နှိုး၍ တောင်တွင်းချောင်းရိုးအတိုင်း အရှိန်နှင့် စတင် ဆန်တက်လိုက်ပါတော့သည်။

ပတ်ဝန်းကျင်သည် ခဏလေးချင်းပင် စတင်ပြောင်းလဲကာလာ ပြီ။ ကျွန်တော် စတင်ထွက်လာသောနေရာနှင့် လုံးဝမတူတော့။ ချောင်းဝရွာ ကျော်လာသည်နှင့် တောင်တွင်းချောင်းသည် လွင်ပြင်ကို တစ်ချက်ဖြတ်ပြီး တောင်ကြားတစ်ခုထဲသို့ ဝင်ကာသွားလေတော့သည်။

အေးစိမ့်သောလေ၊ ဘေးဝဲယာ တောင်ကမ်းပါးယံများ ခြံရံလျက် မြင်လေရာ ရှုခင်းတိုင်းက ရင်သပ်ရှုမောဖွယ်ရာ။ နေရောင်ခြည်ကလည်း တောင်ကြားထဲ အရောက်အပေါက် နည်းလှသောကြောင့် စိမ့်၍ အေးကာ နေသည်။ တောင်ခါးလယ်လောက်တွင် တောင်ခိုးများဝေနေကာ ရုတ် ာရက် ခံစားလိုက်ရသည့် မြင်ကွင်းက ကြည့်ဖူးခဲ့သည့် ရုပ်ရှင်ကားများထဲ ကလို အမေဇုံတောထဲက ချောင်းများတွင် လှေစီးနေရသလိုလို။ အာဖရိက ာရိုင်းများဆီပင် သွားနေသလိုလိုနှင့် … ။

ကျွန်တော် အခုဖြတ်နေတာက ရွှေသမင်တောင်တန်းကြီးကို ခါး သယ်မှ ချောင်းရိုးအတိုင်း ဆန်ကာ ဖြတ်နေခြင်းဖြစ်၏။ ထို့ကြောင့် မြင်

mgyoe.com

mgyoe.com SAMPLE BOOK
လေရာ တောင်ထွတ်၊ တောင်ထိပ်များသည် ရွှေသမင်တောင်တန်းကြီးပင် ဖြစ်လေသည်။ ပုံတောင်ပုံညာ တောင်တန်းကြီးကိုတော့ တောင်ကြားထဲ ကွေ့ဝိုက်သွားနေရ၍ မမြင်ရသေး။

ရွှေသမင်တောင်တန်းကြီးသည် ချင်းတွင်းမြစ်ရိုးနှင့်အပြိုင် သွယ်တန်းနေပြီး ချင်းတွင်းမြစ်ဘက်အပိုင်းတွင် ဆင်ခြေလျှောသဏ္ဌာန် တည်ရှိ၍ အခြားတစ်ဘက်ခြမ်းတွင်တော့ ကိတ်မုန့်ကို ဓားနှင့်လှီးထားသလို တုံးတိကြီး မတ်စောက်ကာနေ၏။ ထူးတော့ ထူးဆန်းလှပေသည်။ သူတို့ဒေသမှာတော့ “မောင်တောင်၊ နှမတောင်” ဟုလည်း ခေါ်ကြောင်း သိရလေသည်။ ကျွန်တော်တို့ငယ်ငယ်က သင်ခဲ့ရသလို လွှာတွန့်တောင်တန်း အမျိုးအစားထဲမှာများ ပါဝင်နေမလားတော့ မပြောတတ်။ ကျွန်တော့်အထင် တွေးကြည့်မိခြင်းသာဖြစ်၍ မှားချင်လည်း မှားနေပေလိမ့်မည်။

လှေက တောင်ကြားနေရာတချို့တွင် ခက်ခက်ခဲခဲ ဖြတ်သွားရတာရှိသလို တချို့နေရာများတွင်တော့ တောင်ကြားက ကျယ်၍ မြင်ကွင်းကျယ် ဖြတ်သွားရသည်မျိုးလည်း ရှိသည်။ ထူးဆန်းသည်က မျောက်အုပ်များပင် ဖြစ်သည်။ ဘေးဝဲယာ တောအုပ်ကြီးတွေထဲတွင် မျောက်တွေ အုပ်လိုက် ဟိုအပင်ကူးလိုက် ဒီအပင်ခုန်လိုက်နှင့် တကယ့်တောသဘာဝကို ခံစားရပြီး တစ်နေရာအရောက်တွင် ချောင်းကမ်းဘေးသို့ ဆင်းလာကာ ကျွန်တော်တို့ကို ပြူးတိပြူးကြောင်နှင့် ကြည့်နေကြ၏။

ထိုနေရာတွင် ရေလည်းတိမ်နေ၍ ဒူးခေါင်းလောက်သာ ရှိသောကြောင့် ကြည်လင်သော ချောင်းရေက ကြမ်းပြင် ကျောက်စရစ်ခဲလေးတွေကိုပင် မြင်နေရလေသည်။ ကျွန်တော် မနေနိုင်တော့ဘဲ လှေပေါ်မှ ခုန်ဆင်းပြီး ကမ်းစပ်သို့ လမ်းလျှောက်သွားလိုက်တော့ မျောက်များ အော်ဟစ်ကာ ထွက်ပြေးသွား၍ တစ်တောလုံးရှိ မျောက်များပါ လိုက်ပါအော်ကြကာ တောတောင်တစ်ခုလုံး ဆူညံကာ သွားပါတော့သည်။

“အဲဒါ ပုံညာဘက်က မျောက်တွေလေ။ သူတို့က ဒီရာသီဆို ဒီ


mgyoe.com

mgyoe.com SAMPLE BOOK
ဘက်ကူးပြီး လာနေကြတာ။ ဒါပြီးရင် ဟိုဘက် ပြန်ကူးသွားရော။ ဒီလိုပဲ ကူးချည်သန်းချည် လုပ်နေကြတာ”

လှေဆရာနှစ်ယောက်က ရေထဲဆင်းပြီး လှေကို ကမ်းစပ်သို့ တွန်းလာပြီး ကျွန်တော့်ကို ပြော၏။

“ဟုတ်လား အစ်ကို။ သူတို့က အကောင်ရေ ဘယ်လောက်ရှိလဲ”

“ဟာ ... အများကြီးပဲ။ တစ်အုပ် တစ်အုပ်တင် အကောင်ရာချီရှိတာ။ အမျိုးအစားတွေကလည်း အများကြီး”

ကျွန်တော် ကြည်လင်လှသော ချောင်းရေထဲသို့ ခြေထောက်စိမ်ထားရာမှ ကမ်းပေါ်က သဲဖြူနုနုလေးများအပေါ် ပြေးတက်လိုက်၍ ချောင်းညာဘက်သို့ လှမ်းကြည့်လိုက်တော့ တောင်ကြားထဲကနေ ချောင်းရိုးက မထွက်နိုင်သေး။ ညို့မှိုင်းကာ အုပ်ဆိုင်းနေသည့် နေပြောက်မထိုးနိုင်လောက်အောင် သစ်တောများ ပေါက်ရောက်နေသော တောအုပ်ကြီးအလယ်မှာ လှေကလေးတစ်စီးနှင့် လူနှစ်ယောက်နှင့် ကျွန်တော်တစ်ယောက်။ ပြီးတော့ သဘာဝတောတောင်ရေမြေ၊ သဘာဝအလှတရားများ။

ကျွန်တော် တော်တော်ပျော်ကာနေသည်။ မွန်းကျပ်လှသော မြို့ပြယဉ်ကျေးမှုနှင့် လွန်ခဲ့သော သုံးရက်က ထိတွေ့နေဆဲ ကျွန်တော်က အခုတော့ အလွန်တရာမှ လှပကြည်နူးဖွယ်ကောင်းသည့် တောင်ကျချောင်းလေးပေါ် လှေစီး၍နေရမည်ဟု ဘယ်သူတွေးထင်မိမှာလဲ။ လောကကြီးက တစ်ခါတစ်ရံ မထင်ထားသည့် အလှည့်အပြောင်းတွေကို ဖြုန်းစားကြီး ဖန်တီးတတ်ပါသည်။

ကျွန်တော်တို့ ဆက်ထွက်လာတော့ တချို့နေရာ ချောင်းကမ်းဘေးတွင် အဖြူနှင့်အနက်ရောင် ကျားထားသော ကျွန်တော်မမြင်ဖူးဘူးသည့် ခြေတံရှည်ရှည် ငှက်ကလေးတွေကို မြင်တော့ မေးမိရာ “တစ်တစ်တူးငှက်” ဟု သိရ၏။ ညအိပ်လျှင် ခြေထောက်ကို မိုးပေါ်ထောင်အိပ်တဲ့ငှက်ဆိုတာ ဒါကိုး။

mgyoe.com

mgyoe.com SAMPLE BOOK

တချို့တောင်ခြေ ဆင်ခြေလျှောများတွင် တဲအိမ်ကလေးများကို မြင်ရပြန်၍ ...

"အဲဒီတဲလေးတွေက ဘာလုပ်တာလဲ အစ်ကို" ဆိုတော့ ...

"ယာစောင့်တဲလေးတွေဗျ။ ဒီမှာက တောင်ယာမီးရှို့ပြီး တောင်ယာလုပ်ကြတယ်လေ။ ပြီးမှ ပြန်ကြတာ။ သူတို့က တောင်ယာမပြီးမချင်း အဲဒီတဲတွေမှာပဲ နေကြတာ"

"သူတို့တဲလေးတစ်လုံးပဲ ရှိတယ်နော်။ မကြောက်ကြဘူးလား"

"ဒီဒေသမှာက သူခိုးဓားပြ မရှိဘူးအစ်ကို။ လိုရင်တောင်း။ အသီးအနှံ အကုန်ပေးတယ်။ အစ်ကို တောင်တွင်းချောင်ရောက်ရင် သိပါလိမ့်မယ်။ ပိုက်ဆံက နေရာတကာ အသုံးမဝင်ဘူး။ တစ်ခုပဲ ... စိုးရိမ်ရတာက မျောက်တွေပဲဗျ။ ဒီကောင်တွေက စိတ်မထင်ရင် မထင်သလို လူတွေရဲ့ ပစ္စည်းတွေ ဝင်ဝင်ဖျက်ပစ်တာ"

ကျွန်တော် ခေါင်းလေးသာ ညိတ်ပြလိုက်မိ၏။ လှေက လှော်တက်နှင့်လှော်ရင်း ဆက်ထွက်လာတော့ ရေနက်ပိုင်းရောက်ချိန်တွင် အင်ဂျင်ဖွင့်ကာ ဆက်သွားသည်။ တောင်ကမ်းပါးယံအကွေ့ တစ်နေရာအရောက်တွင် လှေတစ်ချက် ချာကနဲ ယိမ်းကာသွား၍ ဘောင်ကို လှမ်းကိုင်ကာ ရှေ့ကို ကြည့်လိုက်တော့ လှေဦးက တောင်နံရံကြီးဆီ ဦးတည်သွားနေလေသည်။ လှေဦးမှ တစ်ယောက်က နံရံနှင့်လှေ တိုက်မိမည်စိုး၍ ထိုးဝါးနှင့်ထောက်ကာ လှေဦးကို ချောင်းဘက်သို့ တည်ပေး၏။ လှေဦးတည့်သွားချိန်တွင် အင်ဂျင်စက်ကုန်ဖွင့်လိုက်ရာ ထိုနေရာမှ လှေက အရှိန်နှင့် ထွက်ကာသွားလေတော့သည်။

"ဒီဝဲက တောင်ပေါ်ရေဆင်းချိန်ဆို တော်တော်သတိထားရတယ်ဗျ"

"ဒါလည်း ဝဲပဲလား"

"ဟုတ်တယ်ဗျ။ သိပ်အကြမ်းကြီး မဟုတ်ပေမဲ့ သတိလက်လွတ်သွားရင် ကျောက်တောင်နဲ့လှေ ရိုက်မိတတ်တယ်ဗျ"

mgyoe.com

mgyoe.com SAMPLE BOOK

သက်ပြင်းသာ ချလိုက်မိပါတော့သည်။ အခုအထိ ဝဲဇာတ်လမ်းက မဆုံးနိုင်သေးပေ။

❑

ဒီလိုနှင့် ကွေ့ကာဝိုက်ကာ သွားလာလိုက်တာ တောင်ပေါက်ဝ တစ်ခုမှ အထွက်တွင် ...

"ဟာ ..."

ကျွန်တော် အသံထွက်သွားရလောက်အောင် ရေရွတ်မိလိုက်တာ အမှန်။ ကျယ်ပြောလှသော လွင်ပြင်ကြီး ...။ ဘေးဝဲယာ ဘာတွေစိုက်ထား မှန်းမသိသော တောင်ယာခင်းရောင်စုံများ ...။ အလေ့ကျ ပေါက်နေကြ သော သဘာဝအလှ တောရိုင်းပန်းလေးတွေနှင့်အတူ ဟိုး ... မျက်စိတစ်ဆုံး အဝေးဆီက မှိုင်းညို့ကာ ရစ်ဆိုင်းနေသည့် တောင်တန်းကြီး ...။

မျက်စိတစ်ဆုံး ကျယ်ပြောလှသော တောင်ယာခင်းကြီး၏ တချို့ နေရာများတွင် မီးခိုးလေးတို့ တလူလူတက်နေသည့် ယာစောင့်တဲလေးများ ကိုလည်း ဟိုတစ်နေရာ ဒီတစ်နေရာ တွေ့နေရပါသည်။ ကျွန်တော် ပါးစပ် အဟောင်းသားနှင့် ငေးကြည့်နေစဉ် ...

"အစ်ကိုသွားရမယ့် ရွာက ဟိုးက ပုံညာတောင်တန်းကြီးရဲ့ အခြေ မှာ အစ်ကို။ ထမင်းစားချိန်လောက်ဆို ရောက်ပါပြီ"

လှေဆရာက ပြောပြောဆိုဆိုနှင့် အင်ဂျင်ကို အရှိန်မြှင့်လိုက်ကာ မျက်စိတစ်ဆုံး ကျယ်ပြောလှသော လွင်ပြင်ကြီးကို မြွေလိမ်မြွေကောက် ဖြတ်စီးနေသည့် တောင်တွင်းချောင်လေး၏ ရင်ခွင်ပေါ်တွင် သူ့လှေကို ဒုန်းဆိုင်းကာ မောင်းလေတော့သည်။

စထွက်လာကတည်းက တောင်ကြားလမ်းတစ်လျှောက် စိတ်ထင် တိုင်း မကျဲခဲ့ရသမျှ အခုမှ စိတ်ရှိလက်ရှိ အစွမ်းပြပြီ ထင်ပါသည်။ လှေ


mgyoe.com

mgyoe.com SAMPLE BOOK

အရှိန်ကြောင့်ရော အေးမြသည့် ရာသီဥတုကြောင့်ပါ မျက်နှာသို့ လာရောက် ရိုက်ခတ်နေသော လေက အေးမြလှ၏။ ခန္ဓာကိုယ်က လွင်ပြင်တစ် လျှောက် လွင့်မျောရင်း ပတ်ဝန်းကျင်ရှုခင်းများကို မိန်းမောပြီး ပါလာစဉ် စောစောက ပြောခဲ့သလို ထမင်းစားချိန် နေ့လယ် ၁၂ နာရီဝန်းကျင်လောက် တွင် ပုံညာတောင်တန်းကြီးအခြေရှိ မြို့မရွာကလေးသို့ ဆိုက်ရောက်ရပါ တော့သည်။

ကျွန်တော့်ကို ဖေဖေ့ဆီမှ ဆောက်လုပ်ရေးအင်/ယာတစ်ယောက် လာကြိုပါသည်။ ပျူငှာသောအပြုံးနှင့် အသားညိုညို နှစ်လိုဖွယ်မျက်နှာ ထား ရှိသောသူဖြစ်၍ နာမည်က "ကိုသောင်းထိုက်စံ" ဟု သိရ၏။ ကျွန် တော်နေရမည့် ဘားတိုက်ကလည်း သူတို့နှင့် အတူတူပင်ဖြစ်၍ အထူးပင် ခင်မင်ရင်းနှီးအောင် မိတ်ဆက်၊ နှုတ်ဆက်စကားများဆိုကာ ဘားတိုက်များ ရှိရာဘက်သို့ လှမ်းထွက်လာမိလိုက်ရင်း ကိုယ်လာခဲ့ရာလမ်းသို့ လှမ်းမျှော် ကြည့်လိုက်တော့ ရွှေသမင်တောင်တန်းကြီးက မှိုင်းပျပျသာ မြင်ရလေတော့ သည်။ အဲဒါကြီး၏ ဟိုးတစ်ဘက်ဆီမှာ ...

"မြစ်မင်းသလ္လာဝတီ"

❑


mgyoe.com